~ လဲသွားတယ်။ 在冰上滑倒了。/ ဆေးမျိုချတာ ~ ဝင်သွားတယ်။ 药顺顺溜溜地咽了下去。

ရှောမွေး န၊ <shaw: mwei:> 流产

ရှောရှောရှုရှု ကဝ၊ <shaw: shaw: shu shu> 顺顺当当，顺利：အဲဒီလိုသာရေးယင် ~ နားလည်သွားမှာဘဲ။ 这样写就容易懂。/ ကိစ္စများကို ~ ပြီးမြောက်အောင်ဆောင်ရွက်နိုင်သည်။ 事情能顺利做完。/ ဤမြင်းသည်ကိုရွှေနီနှင့်ကျတော့ ~ ရှိသည်။ 这匹马一到哥瑞尼手里就变得很驯服。

ရှို့ က၊ <sho'> ①放火，点燃，焚烧，纵火 ②လျှို့的口语 ③挑拨，煽动

ရှို့ညှိ က၊ <sho' hyni'> 点燃，放火

ရှို့တံ န၊ <sho' dan> 引火用的棍子

ရှို့မီး န၊ <sho' mi:> ①人放的火 ②放火烧荒

ရှို့မီးတို့မီး ကဝ၊ <sho' mi: to' mi:> 煽动，"煽风点火"：~ ပြုသည်။ 从旁煽动。

ရှို့မီးသေနတ် န၊ <sho' mi: th-nat> (点火击发的)旧式火枪，火铳(枪)

ရှို့မြိုက် က၊ <sho' myait> 燃烧

ရှိုး န၊ <sho:> ①男孩剃度为僧前游行庆祝时朗颂的一种古诗体，称做 ~ လိုက်ရတု ②[英 show] 样子，外观：မင်းကတယ် ~ ကောင်းတာပဲ။ 你这身打扮真好!

ရှိုးတိုးရှန့်တန့် ကဝ၊ <sho: do: shan' dan'> 不好意思，羞羞答答：ပရိသတ်ရှေ့ကျယင် ~ ဖြစ်သွားသည်။ 到了观众面前，变得羞羞答答的。

ရှိုးတိုးရှန်းတန်း ကဝ၊ <sho: do: shan: dan:> = ရှိုးတိုးရှန့်တန့်

ရှိုးတိုးရှိမ်းတိမ်း ကဝ၊ <sho: do: shein: dein:> = ရှိုးတိုးရှန့်တန့်

ရှိုးထုတ် က၊ <sho: htout> [英·缅 show+ထုတ်] (用衣着)炫耀，讲派头：ထိုခေတ်ကောလိပ်ကျောင်းသူကျောင်းသားများသည်အလွန် ~ ကြပါသည်။ 那时候的大学生衣着很讲派头。

ရှိုးပေး က၊ <sho: pei:> [英·缅 show+ပေး] (用衣着)炫耀，讲派头

ရှိုးပြ က၊ <sho: pya'> [英·缅 show+ပြ] (用衣着)炫耀，显示……派头

ရှိုးရှား I က၊ <sho: sha:> 避开，躲开，回避 II ကဝ၊ <sho: sha:> 全部，穷尽：~ ကုန်စင်၊နားဝယ်ဝင်၍၊ 全部记住。

ရှိုးရှိုးရှိန်းရှိန်း/ရှိုးရှိုးရှိမ်းရှိမ်း ကဝ၊ <sho: sho: shein: shein:> 热辣辣，辣呼呼，燥热地：~ နဲ့နေမျှားမကောင်းဘူးလားမသိဘူး။ 身上觉得发烫，不知是不是病了。/ သင်္ဘောသီးသုပ်က ~ နဲ့စားလို့အကောင်းသား။ 拌木瓜辣呼呼的，很好吃。

ရှိုးလိုက်ရတု န၊ <sho: lait y-du'> 举行剃度仪式前，游行时朗颂的一种ရတု诗

ရှံ့ က၊ <shan'> 害怕，畏惧：သူ့ကို ~ သည်။ 怕他。

ရှံ့တန့်တန့် ကဝ၊ <shan' tan' dan'> 畏畏缩缩：ဟေ့၊ ~ လုပ်မနေစမ်းပါနဲ့၊ခန့်ခန့်တည်တည်ထိုင်စမ်းပါ။ 喂！别畏畏缩缩的，大大方方地坐着吧。

ရှံ I န၊ <shan> (羊毛和棉)混合纺织品 II က၊ <shan> = လျှံ

ရှံစောင် န၊ <shan zaun> 边带穗的单层棉毯

ရှံပဝါ န၊ <shan p-wa> 一种细薄布料的披巾

ရှံပန်းထည် န၊ <shan pan: de> = ရှာပန်းထည်

ရှံပန်းနီ န၊ <shan pan: ni> = ရှာပန်းထည်

ရှံပိန် န၊ <shan pein> [英 Champagne] 香槟酒

ရှံမှွားဆိတ် န၊ <shan hmwa: hseit> 一种羚羊 (chamois)

ရှံသား န၊ <shan dha:> 一种细薄布：~ အင်္ကျီ 细薄布上衣

ရှုံ့ I က၊ <shon'> ①缩短，收缩：လက်ကောက်ဝတ်တဲ့အခါလက်ကို ~ သွင်းရသည်။ 戴手镯时，手要缩起来伸进去。/ ဤကားလမ်းကြီးမှာပြည်နယ်များနှင့်ပြည်မမြေကြော ~ စေသည်။ 这条公路使各省与缅甸本部的距离缩短了。②皱，弄皱：မျက်နှာကို ~ မထားပါနဲ့။ 别哭丧着脸！/ နှာခေါင်း ~ သည်။ 嗤之以鼻。 II နဝ၊ 皱：နဖူးရေ ~ နေပြီ။ 额头都有皱纹了。

ရှုံ့ကျုံ့ က၊ <shon' kyon'> 皱，缩小，紧缩

ရှုံ့ကြိုး န၊ <shon' gyo:> 松紧带

ရှုံ့ချ က၊ <shon' khya'> = ရှုတ်ချ

ရှုံ့ချည်နှပ်ချည် ကဝ၊ <shon' gyi hnat khyi> 出尔反尔，(说话)反复无常

ရှုံ့တီးရှုံ့တွ ကဝ၊ <shon' ti: shon' twa'> 皱巴巴

ရှုံ့တွ နဝ၊ <shon' twa'> 皱，收缩：~ တွ 皱着，发皱 / နဖူးရှုံ့ရှုံ့တွတွကြီး 布满皱纹的额头

ရှုံ့တွန့် I က၊ <shon' tun'> 皱，起皱纹 II နဝ၊ <shon' tun'> 皱的：အသားအရေ ~ နေသောအဖိုးအို 皮肤起了皱纹的老头儿

ရှုံ့ပက် က၊ <shon' pet> 皱缩，又皱又凹：မျက်နှာ ~ ကြီး 脸皱巴巴的，皱纹满面 / လက်တွေ ~ ကြီးဖြစ်နေတယ်။ 手皱巴巴的。

ရှုံ့မဲ့ က၊ <shon' me'> 哭丧着脸，不愉快：~ မဲ့ 哭丧着脸，皱着眉 / ကလေးငယ်သုံးယောက်က ~ ကြည့်နေကြသည်။ 三个孩子哭丧着脸看着。/ ရှုံ့ရှုံ့မဲ့မဲ့ 哭丧着脸地

ရှုံ့ယုံ့ က၊ <shon' yon'> 皱

ရှုံ့ဝင် က၊ <shon' win> 皱，缩进

ရှုံး က၊ <shon:> ①输，溃败：၃ဂိုးဂိုးမရှိနဲ့ ~ သွားတယ်။ 足球赛以零比三输了。/ စစ် ~ နိုင်ငံ 战败国 ②亏本，赔本：ကုန် ~ သည်။ 赔本。③考试不及格：စာမေးပွဲ ~ သည်။ 考试不及格。④被取消资格：သာသနာတော်မှ ~ သောရဟန်း 被驱逐出佛门的和尚

ရှုံးထွက်စနစ် န၊ <shon: htwet s-nit> 【体】淘汰制